ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


# Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ အောင်သပြေကုန်းကျေးရွာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဉစ္စာခနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဉစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၇ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၂၀ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၂ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၄ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၆ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၈ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၃၀ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၃ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၆ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၉ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၄၁ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၄၄ |

# လှိုင်ကော်မြို့နယ်မြေပုံ



လှိုင်ကော်မြို့နယ်
N
ရှမ်းပြည်နယ်
စကေး - ၁လက်မ = ၄မိုင်
ရွာတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



## ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလပိုးအုပ်စု | နွားလပိုးစံပြ | |
| ၂။ | နွားလပိုးအုပ်စု | နွားလပိုးရွာမ | |
| ၃။ | နွားလပိုးအုပ်စု | ကယန်းကြခူ | |
| ၄။ | နွားလပိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလပိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလပိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလပိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလပိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလပိုးအုပ်စု | ဒေါ်ခေါ်ခူ | |
| ၁၀။ | နွားလပိုးအုပ်စု | မော်ချီးစုစည်း | |
| ၁၁။ | နွားလပိုးအုပ်စု | ၃ မိုင်ပကြံစံပြ | |
| ၁၂။ | နွားလပိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလပိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလပိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလပိုးအုပ်စု | ထေးပလော်ခူ | |
| ၁၆။ | နွားလပိုးအုပ်စု | ထီရိ | |
| ၁၇။ | နွားလပိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလပိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလပိုးအုပ်စု | သပြေကုန်း | |
| ၂၀။ | နွားလပိုးအုပ်စု | ကျောက်ကြီး(တောင်) | |

လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၇-၂၀၁၈) ခုနှစ်

ကျေးရွာအုပ်စုအမည်-နွားလပိုး ကျေးရွာအမည်-အောင်သပြေကုန်း ရက်စွဲ ၂၂.၁၀.၂၀၁၇

**၁။ ကျေးရွာသမိုင်းအကြောင်း**

အောင်သပြေကုန်းကျေးရွာသည် ကယားပြည်နယ် လွိုင်ကော်မြို့ နွားလပိုးကျေးရွာအုပ်စု တွင်တည်ရှိပါသည်။ ကျေးရွာ တောင်မြောက်အလျားမှာ (၄)ဖာလုံ ရှိပြီး ရှေ့နောက်အလျားမှာ (၃)ဖာလုံ ရှိပါသည်။ ကျေးရွာရွာလယ်လမ်းမှာ လွိုင်ကော် - တောင်ကြီးလမ်းမကြီး ဖြစ်ပါသည်။ အောင်သပြေကုန်း ကျေးရွာ၏ အရှေ့ဘက်တွင် စာသင်ကျောင်းနှင့် စိုက်ပျိုးမြေနှင့် တောင်ယာလယ်ယာများ၊ ရွာ၏အနောက်ဘက်တွင် ရွာသုံးရေတွင်းနှင့် ကျေးရွာပိုင် ကန့်ကွက်သစ်တောများရှိသည်။ တောင်ဘက်တွင် ကယန်းသာယာ(မြောက်)ကျေးရွာ နှင့် မြောက်ဘက်တွင် ကျောက်ကြီးတောင် ကျေးရွာတည်ရှိပါသည်။ ပအိုဝ့်နှင့် ကယန်း အများဆုံးနေထိုင်ကြပြီးကယား၊ ရှမ်းနှင့် ဗမာတို့လည်း အနည်းငယ်နေထိုင်ကြပါသည်။ ခရစ်ယာန်ဘာသာ( ကက်သလစ် နှင့် နှစ်ခြင်း )၊ ဗုဒ္ဓဘာသာ ကိုကိုးကွယ်ကြပါသည်။ ကျေးရွာအတွင်း ဗုဒ္ဓဘာသာဘုန်းကြီး (၁)ကျောင်းရှိပြီး ၊ နှစ်ခြင်းဘုရားကျောင်းတစ်ကျောင်း နှင့် ကက်သလစ်ဘုရားကျောင်း တစ်ကျောင်းရှိပါသည်။

အောင်သပြေကုန်းကျေးရွာစတင်တည်ထောင်ခဲ့ပုံမှာ (၁၉၈၁)ခုနှစ် ကောင်စီခေတ်တွင် နွားလပိုး ကျေးရွာအုပ်စု အိမ်ခြေ (၁၂)အိမ်သာရှိသည့် ဝါးပိုးတစ်ရုံရွာတွင် စတင်နေထိုင်ကြပါသည်။ ထိုအချိန်က အောင်သပြေကုန်းဟု ခေါ်ဆိုခြင်းမရှိသေးဘဲ ဝါးပိုးတစ်ရုံရွာဟုသာ ခေါ်ဆိုကြသည်။ ထိုဝါးပိုးတစ်ရုံရွာ၏ ရွာလူကြီးမှာ ဦးလွန်းရွှေဖြစ်ပြီး ရပ်မိရပ်ဖ များမှာ ဦးချုပ် ၊ ဦးဟိန်း ၊ဦးလှာ နှင့် ဦးရွဲ တို့ဖြစ်ပါသည်။ ၎င်းရွာတွင် စိုက်ပျိုးမြေပေါများသော်လည်း သောက်သုံးရေခက်ခဲမှုကြောင့် နှင့် ကားလမ်းမ ကြီးနှင့် ဝေးသောကြောင့် ရွာပြောင်းရန် ရပ်မိရပ်ဖတို့ တိုင်ပင်ဆွေးနွေးပြီး ကားလမ်းမကြီးသို့ပြောင်းရွှေ့ရန် သဘောတူညီကြသည်။ ထိုသို့သဘောတူညီပြီး ရွှေ့ပြောင်းခွင့် ရရန်နှင့် ရွာသစ်ရရန်အတွက် လွိုင်ကော်မြို့နယ်ကောင်စီဥက္ကဌ ဦးအောင်ကျော်ထံ သို့သွားရောက် ခွင့်တောင်းကာ ခွင့်ပြုချက်ကိုရရှိပြီးနောက် (၁၉၈၂)ခုနှစ်တွင် အပေါ်ကုန်းဝါးပိုးတစ်ရုံရွာမှ ကားလမ်းမဘေးရွာသစ်သို့ ကနဦးစွာ ပြောင်းရွှေ့ပြီး နေထိုင်ကြသည်။

ထိုသို့ပြောင်းရွှေ့လာပြီး ရွာကို နာမည်ပေးရန် ရွာလူကြီးများ ၊ ရပ်မိရပ်ဖများနှင့်ဗေဒင်တွက်ချက် နားလည်သူများနှင့် တိုင်ပင်ဆွေးနွေးတွက်ချက်ကြသည်။ ရွာ၏ ကိုးကွယ်ရာနတ်စင်သည် သပြေပင်ကြီး အောက်တွင် တည်ထားကိုးကွယ်ခြင်းကြောင့် သပြေပင်ကြီးကို အမှီပြု ကာအောင်သပြေ ဟုခေါ်ဆိုရန် သဘောတူအတည်ပြုခဲ့ကြသည်။ထို့နောက် အောင်သပြေ ကျေးရွာ၏နေ့နံသည် သက်ရှိအရင်းယူ သက်မဲ့မှာ အဖျားယူဟုသော စကားအရ အောင်သပြေနာသက်မဲ့ဖြစ်သောကြောင့် ကုန်း ကိုယူကာ တနင်္လာနံဖြစ်သော အောင်သပြေကုန်း ဟုခေါ်ဆိုရန် အများသဘောတူ ကြသည်။ ထိုအချိန်က ရွာ၏ သိမ်ချိုင်းတည်ရန် ဆွေးနွေးခဲ့ပုံမှာ တနင်္လာနာမ်ဖြစ်သည့်အတွက်ကြောင့် ဗုဒ္ဓဘာသာ တွက်ချက်နည်းအရ ရွာသိမ်ချိုင်းသည် ရွာ၏အနောက်တောင်အရပ်တွင် သိမ်ချိုင်းကုန်း သတ်မှတ်ရပြီး အနောက်တောင် အရပ် တွင် ထားရခြင်းမှာ

(၁) ကုန်း - တနင်္လာနေ့သည် အရှေ့ - ပရိဝါရ

(၂) - အင်္ဂါနေ့သည် ရှေ့တောင် - အယု

(၃) - ဗုဒ္ဓဟူးနေ့သည် - တောင် - နာဂရာ

(၄) - စနေနေ့သည် နောက်တောင် - ဘုမ္မိ

ဘုမ္မအရပ်သည် အိမ်သာ ၊ အသေကောင် ၊ အညစ်အကြေး စွန့်ပစ်ရန် အရပ်နှင့် သင့်ချိုင်းထားရာ အရပ်ဖြစ်ပါသည်။ရွာစတည်စတွင် ဗုဒ္ဓဘာသာများသာ ဖြစ်သောကြောင့် ဘာသာလိုက်ထားရခြင်း ဖြစ်သည်။ယခုအခါ (၃)ဘာသာ ပေါင်း၍ အတူတကွ အသုံးပြုကြပြီဖြစ်သည်။

အောင်သပြေကုန်းကျေးရွာအတွင်း လူမျိုးတစ်မျိုးစီ ဝင်ရောက်လာပုံမှာ

(၁၉၈၂)ခုနှစ်တွင် ပအိုဝ့်ဗုဒ္ဓဘာသာ ရွာတည်နေထိုင်ပြီး

(၁၉၈၃)ခုနှစ်တွင် ကယန်းလူမျိုး နှစ်ခြင်းဘာသာလာရောက် အတူ နေထိုင်ကြသည်။

(၁၉၈၆) ခုနှစ်တွင် ကက်သလစ်ဘာသာ ကယန်းလူမျိုးများလည်း လာရောက်အတူ

နေထိုင်ကြ သည်။

အောင်သပြေကုန်းကျေးရွာ၏ ပထမဆုံးကျေးရွာအုပ်ချုပ်ရေးမှူး ရွာသူကြီးများမှာ ဦးလွန်းရွှေ ဖြစ်ပါသည်။ ရွာသူကြီး ဦးလွန်းရွှေမှာ ကျေးရွာအပေါ်တွင် ကျောသားရင်သား မခွဲခြားဘဲ အေးတူပူမျှ စည်းကမ်းနှင့် တကွအုပ်ချုပ်ခဲ့ပါသည်။ ဦးလွန်းရွှေ ရွာသူကြီးမှ နားပြီး နှစ်ခြင်းဘာသာဝင် ဦးဝီလျံမှ ဆက်ပြီး ကျေးရွာကို (၈)နှစ်ခန့်အုပ်ချုပ်ခဲ့ပြီး နောက်ပိုင်းတွင် ကက်သလစ်ဘာသာဝင်များမှလည်း ကျေးရွာလူကြီး အဖြစ် အလှည့်စီ အုပ်ချုပ်ကြသည်။ ရွာတည်ချိန်မှ ယခုထိ အုပ်ချုပ်ခဲ့သော ရွာသူကြီး အုပ်ချုပ်ရေးမှူး ပအိုဝ့် (၁၀)ဦး ကယန်း (၁၀)ဦး ရှိပြီဖြစ်ပါသည်။ အောင်သပြေကုန်းအနေဖြင့် ကျေးရွာစတည်ချိန်မှ စ၍ ဆောင်ပုဒ်တစ်ခုထားပါသည် ။ ထိုဆောင်ပုဒ်မှာ

**" ကိုယ်ဘာသာကို ကိုယ်လေးစား "**

သူတစ်ပါး ဘာသာကို နောက်ယှက်ခြင်းမပြုရ ဟူ၍ထားပြီး ယခုအချိန်ထိ လူမျိုး (၅)မျိုး နှင့် ဘာသာ (၃)မျိုးတို့မှာဘာသာရေး ၊ လူမှုရေးစသည့် မည်သည့် ပြဿနာများမရှိဘဲ မိသားစုကဲ့သို့ အေးအေးချမ်းချမ်းနေထိုင်လာပြီး အိမ်ခြေရာကျော်ပင်ရှိလာပြီဖြစ်သည်။

ကျေးရွာ၏ တန်ဖိုးထားပြီး ဂုဏ်ဆောင်နေရာ (၂)ရှိပါသည်။ အောင်သပြေလှိုင်ဂူ နှင့် ကာရာဝါရီတောင် တို့ဖြစ်ပါသည်။ ဘာသာ (၂)ခုစီအတွက် တန်ဖိုးထား ထိန်းသိမ်း စောင့်ရှောက်ကြသော နေရာဖြစ်ပါသည်။ကျေးရွာပိုင်သစ်တော (၂)တောရှိပြီး ကျေးရွာပိုင်သစ်တောတစ်ခုမှာ အောင်သပြေကုန်း ကျေးရွာပိုင်ဖြစ်ပြီး ဧက (၄၀) ကျယ်ဝန်းပါသည်။ ကျန်တစ်ခုမှာ အောင်သပြေကုန်း ကျေးရွာအတွင်းရှိ ကယန်းလူမျိုးများပိုင်ဖြစ်ပြီး ဧက (၅၀၀) ခန့်ကျယ်ဝန်းပါသည်။

အောင်သပြေကုန်းကျေးရွာ၏ အသက်မွေးဝမ်းကြောင်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းတွင် တောင်ယာ ပိုင်ဆိုင်မှုတွင် တစ်ရွာလုံးပိုင်ဆိုင်သော တောင်ယာဧကစုစုပေါင်းခန့်မှန်းခြေ ( ၁၅၀၀) ဧက ဝန်းကျင်ပိုင်ဆိုင်ပါသည်။ လယ်ယာပိုင်ဆိုင်မှုတွင် (၁၉) ဧကဝန်းကျင်သာရှိပါသည်။ လယ်ယာနည်းပါးရ ခြင်းမှာ တောင်ယာမြေသာ ကနေဦးကတည်းက ပိုင်ဆိုင်ထားပြီး လယ်ယာမြေမှာ နောက်ပိုင်းမှ လုပ်စားလာကြသောကြောင့်ဖြစ်သည်။ တောင်ယာစပါး အထွက်နှုန်းမှာ တစ်နှစ်အထွက်နှုန်းမှာ (၂၀)တင်းဖြစ်ပြီး လယ်ယာမှာ တင်း(၇၀)ထွက်ပါသည်။ စပါးအထွက်နှုန်းမှာ ရာသီဥတုနှင့် ဓာတ်မြေသြဇာများထည့်မှု ပေါ်မူတည်ပြီး အထွက်နှုန်းမှာ ကွာခြားပါသည်။ ပြောင်း၊ ပဲစင်းငုံနှင့် မြေပဲ များကိုလည်းစိုက်ပျိုးကြ ပါသည်။

ပညာရေးအနေဖြင့် အောင်သပြေကုန်းကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်းရှိပါသည်။ သို့သော်မူလတန်းဟုဆိုသော်လည်း KGနှင့် သူငယ်တန်းသာ ရှိပါသည်။ ကျန်အတန်းကြီးများမှာ နွားလဝိုးရွာမသို့ကျောင်းသွားတက်ရပါသည်။ ကျန်းမာရေးအနေဖြင့် ကျေးရွာတွင် ဝမ်းဆွဲသာရှိပြီး ကျန်သောကျန်းမာရေးကိစ္စများပြသချင်ပါက ကယန်းသာယာ(တောင်)ကျေးရွာကျေးရွာဆေးပေးခန်း သို့ သွားရောက်ပြသရပါသည်။


| | |
|---|---|
| **ပါဝင်ဆွေးနွေးသူ** | **မှတ်တမ်းတင်သူ** |
| ကျား - ၂၈ ဦး | အမည် - ဒေါ်ခင်မြိုင်ဝင်း |
| မ - ၅၂ ဦး | ရာထူး - လူထုစည်းရုံးရေးမှူး |

# လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ုရေးအရင်းအမြစ်ပြမြေပုံ cial Map/Resource Map | ၂၂.၁၀.၂၀၁၃ | ရပ်မိရပ်ဖ ကော်မတီဝင်များ | ၂၈ | ၅၂ | ၈၀ | အိမ်အမျိုးအစားများ၊အခြေခံ အဆောက်အဦးများ၊လမ်းပန်း ဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊မြစ်ချောင်း၊ ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် (Wealth Ranking) | ၂၂.၁၀.၂၀၁၃ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၂၈ | ၅၂ | ၈၀ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားမျးနှင့်အများသ ဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၂.၁၀.၂၀၁၃ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၈ | ၅၂ | ၈၀ | အမျိုးသမီးနှင့် အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ် ထားသည့် ပိုင်ဆိုင်မှု(သို့)အရင်း အမြစ် များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန် Seasonal Calender | ၂၂.၁၀.၂၀၁၃ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၈ | ၅၂ | ၈၀ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူ ရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၂.၁၀.၂၀၁၃ | အမျိုးသား၊ အမျိုးသမီးများ | ၂၈ | ၅၂ | ၈၀ | အမျိုးသား၊ အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ဖွဲ့အစည်းချိတ်ဆက်ပုံ(Ven Diagram) | ၂၂.၁၀.၂၀၁၃ | ူးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အ ရေးအဖွဲ့၊ကျေးရွာစီထောက် ဖွဲ့ | ၂၈ | ၅၂ | ၈၀ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ေ င်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ်-လှိုင်ကော် ကျေးရွာအုပ်စု-နွားလပိုး ကျေးရွာ-အောင်သပြေကုန်း ရက်စွဲ -၂၂.၁၀.၂၀၁၇




**ပါဝင်ဆွေးနွေးသူ -**

ကျား -၂၈ဦး

မ - ၅၂ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# လူမှုရေး နှင့် အရင်းအမြစ်ပြ မြေပုံသုံးသပ်ချက်

အောင်သပြေကုန်းကျေးရွာတွင် အိမ်ခြေ (၁၃၉) အိမ် ရှိပါသည်။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ(ကက်သလစ်ဘာသာ နှင့် နှစ်ခြင်းဘာသာ )တို့ကို ကိုးကွယ်ကြပါသည်။ လူမျိုးအများစုမှာ ကယန်းလူမျိုးနှင့် ပအိုဝ့်လူမျိုးတို့ နေထိုင်ကြပြီး ကယားနှင့် ရှမ်း အနည်းငယ်ရှိပါသည်။

အဓိက စိုက်ပျိုးရေးမှာ စပါး၊ ပြောင်း၊ ပဲစင်းငုံနှင့် မြေပဲတို့ဖြစ်ပါသည်။ ပဲပုတ်၊ ငရုတ်သီး၊ စိမ်းစားငုံ ၊ ကန်စွန်းဥ နှင့် ပိန်းဥ တို့ကို လည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါသည်။ ကျေးရွာအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုပြီးပါက နောက်စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် ပေါင်းလိုက်ခြင်း မြေထွန်ခြင်းနှင့်မြေထယ်ခြင်းတို့ကို ဆက်လက်လုပ်ကိုင်ကြသောကြောင့် တစ်ခြားလုပ်ကိုင် စားသောက်မှု နည်းပါး ပါသည်။ တစ်ချို့သော ခြံနည်းသူ မရှိသူများက ရွာတွင်းသော်လည်းကောင်း ကျေးရွာအနီးအနားသို့လည်း ပန်ရံလုပ်ခြင်း ၊ ခြံနေ့စားလိုက်ခြင်းများကို လုပ်ကိုင်ကြသည်။ တစ်ချို့မှာ အနောက်ပဒေါင်ပြန်၍ စိုက်ပျိုးရေးလုပ်ကိုင်ခြင်း၊ ထိုင်းနိုင်ငံသို့လည်း သွားရောက်အလုပ်လုပ်ကြသည်။ ရွာတွင်း ကုန်စုံဆိုင် အသေးများကိုလည်း ဖွင့်လှစ်သူအနည်းငယ်လည်းရှိပါသည်။

အောင်သပြေကုန်းကျေးရွာ တစ်ရွာလုံးလမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် လမ်းချောခြင်း ၊ အိမ်နီးနားသွားလာရန် ခက်ခဲပြီး မြက်ထူထခြင်းစသည့် အခက်အခဲများစွာ ကြုံတွေ့ရပါသည်။ ထိုမြက်ထူထသောကြောင့် နွေရာသီတွင် မီးဘေး အန္တရာယ်ကို စိုးရိမ်ရပါသည်။ ကျေးရွာအတွင်းတွင် မူလတန်းကျောင်း (၁)ကျောင်းရှိပါသည်။ မူကြိုကျောင်းမရှိသေးသော်လည်း မိခင်ဝိုးကဲ့သို့ ကလေးထိန်းနေရာရှိပါသည်။ သို့သော်အဆင်မပြေမှုများကြောင့် တစ်ခြားရွာသို့ ပို့ရသော ကြောင့် အဆင်မပြေမှုများစွာ ကြုံတွေ့ရပါသည်။ စာသင်ကျောင်းမှာလည်း KG နှင့် သူငယ်တန်းသာ ရှိသောကြောင့် နွားလဝိုးသို့ သွားရသောကြောင့် ကလေးများအတွက် အခက်အခဲများစွာ ကြုံတွေ့ရ ပါသည်။ ကုန်ကျစရိတ်မှာလည်း ပိုမိုကုန်ကျပါသည်။

ကျေးရွာအနေဖြင့် သောက်သုံးရေ အခြေအနေမှာ မိုးရာသီတွင်သောက်သုံးရေ လုံလောက်မှုရှိ သော်လည်း ခြွေတာသုံးရပါသည်။ ရေရှားပါးသော်လည်း လုံလောက်မှုရှိပါသည်။ နွေရာသီတွင် ရေအလွန် ရှားပါးပါသည်။ ကျေးရွာအတွင်းတွင် အဝီစီတွင်း (၁)တွင်းရှိသော်လည်း ရေလုံလောက်မှုမရှိပါ။ ထို့ကြောင့် ထီရိ ရေပေါက် ၊ ကျောက်ကြီးတောင် သို့ သွားရောက်ခပ်ရပါသည်။ တစ်ခါတစ်လေ ရေလှူ သူများရှိသောကြောင့် အဆင်ပြေပါသည်။ တစ်ခါတစ်လေ ရေဝယ်ရသောကြောင့် အဆင်မပြေမှုများ ကြုံတွေ့ရပါသည်။ နွေအချိန်တွင် စားသောက်ဖို့ရန် အတွက်ပင်ရှိသည် ။

မီးမှာရရှိပြီဖြစ်သော်လည်း မီတာပေါက်မဝယ်နိုင်ခြင်းကြောင့် ရွာအတွင်း တစ်ရွာလုံး မီးလင်းမှုမရှိသေးပေ။ မီးများလိုအပ်နေသေးသောကြောင့် ရွာအတွင်း ပိုးမွှားများအန္တရာယ်ကို ကြုံတွေ့ရခြင်း၊ ညအချိန်သွားလာရခက်ခဲခြင်း၊ ထင်း၊ ဖရောင်းတိုင်ကိုသာ သုံးစွဲနေရသောကြောင့် အဆင်မပြေမှုများစွာကြုံတွေ့ရပါသည်။ အသိပညာများနည်းပါးသေးသောကြောင့် ရွာအတွင်း ဖွံ့ဖြိုးမှုတိုးတက်သင့်သော်လည်း နောက်ကျနေပါသည်။ ကျေးရွာအတွင်း အခြေခံအဆောက်အအုံများ

အနေဖြင့် စာသင်ကျောင်းလိုအပ်နေပါသည်။ ကျေးရွာ ခန်းမဆောင်မှာလည်း လိုအပ်ပါသည်။ ရပ်ရွာအစည်းအဝေးများပြုလုပ်ရာတွင် ဘုန်းကြီးကျောင်း နှင့် ကွင်းပြင်ကျယ် များတွင်သာ ပြုလုပ်ရသောကြောင့် အခက်အခဲများ ဖြစ်ပြီး ဘာသာရေး အဆောက် အအုံ ဖြစ်သောကြောင့် အဆင်မပြေမှုများ ကြုံတွေ့ရပါသည်။

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် ...လှိုင်ကော်၊ ကျေးရွာအုပ်စု-နွားလဝိုး၊. ကျေးရွာ-အောင်သပြေကုန်း၊ ရက်စွဲ ...၂၂.၁၀.၂၀၁၇...

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေးအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်(၃)ကေအထက်၊ယာ(၈)ကေအထက်၊ ထော်လဂျီ၊ ကျွဲကျို၊ တိုက်အိမ် ၊ စတိုးဆိုင်၊ ဆိုင်ကယ်(၂)စီး၊စကါဘီး ၊ကား၊ဆန်စက် | ၁၀ အိမ် | ၇.၂% |
| အလယ်အလတ် | ဆိုင်ကယ်၊ ကိုင်းရှည်၊လယ်(၄)ကေအောက်၊ ပျဉ်အိမ်ထောင်၊တောင်ယာ(၅)ကေအောက်၊ ကြက်၊ဝက်ကလေးများ အလယ်တန်းအထိ | ၆၀ အိမ် | ၄၃.၂% |
| ဆင်းရဲ/နွမ်းပါး | ထရံအိမ်၊ ပျဉ်အိမ်၊တောင်ယာအနည်းငယ်ရှိ၊ အကြွေးများ၊ နေ့စားလုပ်စား၊ကလေးများမူလတန်းအထိ | ၆၉ အိမ် | ၄၉.၆% |
| စုစုပေါင်းအိမ်ထောင်စု | | ၁၃၉ အိမ် | ၁၀၀ % |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၂၈ဦး

မ-၅၂ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# ဉစ္စာခနေကြွယ်ဝမှုဇယား သုံးသပ်ချက်

အောင်သပြေကုန်းကျေးရွာ၏ အိမ်ခြေမှာ (၁၃၉)အိမ်ရှိပါသည်။ အောင်သပြေကုန်းကျေးရွာကို လူတန်းစားအားဖြင့် အဆင့်(၃)ဆင့်ဖြင့် သုံးသပ်၍ သတ်မှတ်ကြသည်-

အဆင့် (၁) ချမ်းသာလူတန်းစား

အဆင့် (၂) အလယ်အလတ် လူတန်းစား

အဆင့် (၃) ဆင်းရဲလူတန်းစား ဟူ၍ ဖြစ်သည်။

**ချမ်းသာလူတန်းစား**

ချမ်းသာအဆင့်တွင် ရှိနေသော အိမ်ထောင်စု စုစုပေါင်း (၁၀)အိမ် ဖြစ်ပြီး ရာခိုင်နှုန်း ( ၇.၁%) ရှိပါသည်။ ချမ်းသာအဆင့်တွင် ရပ်တည်နေနိုင်ရခြင်းမှာ ဘိုးဘွားပိုင် လယ်မြေကေ များခြင်း ၊ အရင်းအနှီး စိုက်ငွေများလုံလောက်ခြင်း ၊ စိုက်ပျိုးကာလ အချိန်မှီစိုက်ပျိုး၍ရနိုင်ခြင်း နှင့် မြေပြုပြင်ရန် စက်ယန္တရားများ ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ ချမ်းသာသူများ၏ တစ်နှစ်ပုံမှန် ဝင်ငွေမှာ သိန်း (၆၀) နီးပါးခန့်ရှိပါသည်။










**အလယ်အလတ်လူတန်းစား**

အလယ်အလတ်အဆင့်တွင် ရှိနေသော အိမ်ထောင်စု စုစုပေါင်း (၆၅)အိမ် ဖြစ်ပြီး ရာခိုင်နှုန်း( ၄၆.၇%) ရှိပါသည်။ အလယ်အလတ်အဆင့်တွင် ရပ်တည်နေနိုင်ရခြင်းမှာ စိုက်ပျိုးမြေ အဆင်သင့် ရှိနိုင်ခြင်း ၊ သီးနှံစုံလင်စွာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ခြင်း ၊ဝင်ငွေနှင့် ထွက်ငွေ မျှတစွာ သုံးစွဲခြင်း၊ အလုပ်တစ်မျိုးထဲသာမက အလုပ်မျိုးစုံ လုပ်ကိုင်ကြခြင်းတို့ကြောင့် ပုံမှန်ရပ်တည်ကြခြင်း ဖြစ်သည်။ အလယ်အလတ်ရှိသူများ၏ တစ်နှစ် ပျှမ်းမျှဝင်ငွေမှာ သိန်း (၂၀)ခန့်ရှိပါသည်။

**ဆင်းရဲလူတန်းစား**

ဆင်းရဲအဆင့်တွင် ရှိနေသော အိမ်ထောင်စု စုစုပေါင်း (၆၅)အိမ် ဖြစ်ပြီး ရာခိုင်နှုန်း( ၄၆.၇%)ရှိပါသည်။ ဆင်းရဲအဆင့်တွင် ရပ်တည်နေနိုင်ရခြင်းမှာ အရင်းအနှီးမရှိခြင်း၊ ခြံမြေနည်းပါးခြင်း၊ ကျန်းမာရေး ချို့တဲ့ကြခြင်း ၊ ပုံမှန်အလုပ် ဝင်ငွေမရှိခြင်း ၊ ပညာဗဟုသုတ နည်းပါးခြင်း၊ မိသားစုအတွင်း လူဦးရေများပြီးအလုပ်လုပ်ကိုင်သူ မရှိခြင်း၊ အလုပ်လုပ်ကိုင်ခြင်စိတ်နည်း ခြင်းနှင့် ဖွဲ့ဝီရိယ လုံ့လများ မရှိသေးသောကြောင့်ဖြစ်သည်။ ဆင်းရဲသောသူများ၏ တစ်နှစ်ပျှမ်းမျှဝင်ငွေ မှာ အများဆုံး (၅)သိန်းခန့်သာ ရှိသောကြောင့် လူမှုရေး ၊ စီးပွားရေး နှင့် အဖက်ဖက်မှ ဒုက္ခများစွာ ကြုံတွေ့ရပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | ဧပြီလ | မေလ | ဇွန်လ | ဇွန်လိုင လ် | ဩဂုတ် လ | စက်တင် ဘာလ | အောက်တို ဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာ လ | ဇန်နဝါရီ လ | ဖေဖော်ဝါ ရီလ | မတ်လ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | |  |  |  | ပေါင်း → | လိုက် → | ရိတ် → | သိမ်း → | → | | | |
| ဝင်ငွေ/ထွက်ငွေ | $ | $$ | $$ | $$ | $$ | $$ / $$$ | $$ / $$$ | $$ / $$$ | $$ / $$$$ | $ / $$$ | $ | $ |
| ကျန်းမာရေး | ဝမ်းပျက် → | ဝမ်းလျှော → | | | | | နာစေး → | ချောင်းဆိုး → | တုပ်ကွေး | | | |
| ပွဲလမ်းသဘင် | ကျောင်း တက်ပွဲ | | | | | | သီတင်း ကျွတ် | ကထိန် သင်္ချိုင်းပွဲ | ခရစ္စမတ် ပွဲ | | | ပအို့ အမျိုး သားနေ့ |
| သောက်သုံးရေရရှိမှု | | | ← လုံ | လောက် | မှုရှိ | → | → | | | မလုံ → | လောက် → | → |
| အလုပ်အားလပ်ချိန် | အား လပ်ချိန် | | | | | | | | | → | အား → | လပ်ချိန် |

ပါဝင်ဆွေးနွေးသူ -
ကျား - ၂၈ဦး
မ - ၅၂ဦး

မှတ်တမ်းတင်သူ
အမည် - ဒေါ်ခင်မြိုင်ဝင်း
ရာထူး - လူထုစည်းရုံးရေးမှူး

# ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

**ရာသီဉတု**

ဖွန်လ မှ သြဂုတ်လအထိ မိုးရွာသွန်းမှုရှိပြီး ရန်ဖန်ရန်ခါ စက်တင်ဘာလနှင့် နိုဝင်ဘာလအထိ မိုးကြီးတတ်ပါသည်။ ဇန်နဝါရီလ မှ မတ်လအထိ နေသာပြီး ပူပြင်းသောလများ ဖြစ်ပါသည်။ ကျေးရွာအနေဖြင့် သစ်တောများ ရှားပါးလာမှုကြောင့် ယခုအခါ နွေရာသီတွင် ယခင်ထက်ဆိုင်လျှင် ပိုမိုပူပြင်းလာ ပါ သည်။ ဆောင်းရာသီမှာ စက်တင်ဘာလ မှ ဒီဇင်ဘာလအထိ အေးချမ်းပါသည်။

**စိုက်ပျိုးရေး**

ကျေးရွာအနေဖြင့် စိုက်ပျိုးရာသီမှာ တစ်နှစ်ပတ်လုံး တစ်မျိုးမဟုတ်တစ်မျိုး စိုက်ပျိုးနေသော်လည်း အဓိက မေလမှ ဖွန်လိုင်လထိ စိုက်ပျိုးကြပြီး သြဂုတ်လနှင့် စက်တင်ဘာလတွင် ပေါင်းလိုက်ခြင်းနှင့် အောက်တိုဘာလ မှ ဒီဇင်ဘာလ ဒုတိယပတ်ထိ ရိတ်သိမ်းခြင်းကို ဆောင်ရွက်ကြပါသည်။ ရိတ်သိမ်းချိန် ပြီးဆုံးပါက တောင်ယာ၊ လယ်ယာများကို ပြန်ထွန်ထည်ခြင်း ၊ သီးနှံများပြန်လည်စိုက်ပျိုးရန်အတွက မြေညှိခြင်း၊ ခြံရှင်းခြင်းနှင့် မီးရှို့ခြင်းတို့ကို ပြန်လည်ပြုလုပ်ကြ ရပါသည်။ ကျေးရွာအနေဖြင့် စိုက်ပျိုးရေး အထွက်နူန်းကို ဆန်းစစ်ကြည့်ရာတွင် တောင်ယာစပါး အထွက်နူန်းမှာ (၁)နှစ်အထွက်နူန်း (၁)ဧကလျှင် တင်း (၂၀)ထွက်ပြီး လယ်ယာမှာ (၁)ဧကလျှင် (၇၀)တင်းထွက်ရှိပါသည်။ ပြောင်းမှာ (၁)ဧက အများဆုံး ပိသာချိန် (၅၀၀)မှ (၆၀၀)ထိ ထွက်ပြီး အနည်းဆုံး (၁၅၀)မှ (၂၀၀)ထိ ထွက်ပြီး ရာသီဉတုနှင့် ဓာတ်မြေ သြဇာ ပေါ်မူတည်ပြီး အနည်းအများကွဲပြားပါသည်။ မြေပေါ်မှာမူတည်ပြီး မြေကောင်းပါက (၁)ဧကလျှင် (၂၄၀)ခန့်ထွက်ပြီး မြေအသင့်အတင့်ဖြစ်ပြီး မြေသြဇာမထည့်နိုင်ပါက ပိသာ(၁၄၀)ခန့် ထွက်ပါသည်။

**ဝင်ငွေ/ ထွက်ငွေ**

ဝင်ငွေများအနေဖြင့် စက်တင်ဘာလမှ ဇန်နဝါရီလအထိ သီးနှံရောင်းချခြင်း၊ စပါးများရောင်းချခြင်းမှ ဝင်ငွေများရရှိပါသည်။ ဝင်ငွေများတွင် ချမ်းသာသူများအနေဖြင့် တစ်နှစ် (၆၀)သိန်းခန့် ဝင်ငွေရှိပြီး အလယ် အလတ်များမှာ သိန်း(၂၀)ခန့်ဝင်ပါသည်။ ဆင်းရဲသောသူများမှာ အများဆုံး (၅)သိန်းလောက် သာ ဝင်သူများလည်းရှိပါသည်။ ထွက်ငွေများအနေဖြင့် တစ်နှစ်ပတ်လုံး ရှိပြီး စိုက်ပျိုးရန်မြေထည်ခြင်း၊ မြင်ရှင်းခြင်း၊ ရိတ်သိမ်းခြင်းနှင့် မြေသြဇာများဝယ်ယူရသောအခါများတွင် အများဆုံးထွက်ပါသည်။ ဝင်ငွေများရှိသော်လည်း ချမ်းသာသူနည်းပါး နေခြင်းမှာ အရင်းအနီးပြန် ပေးရခြင်းနှင့် အတိုးကိုပြန်ပေး ဆပ် နေရသောကြောင့် ပိုက်ဆံစုရန်ခက်ခဲနေခြင်းဖြစ်သည်။

**ကျန်းမာရေး**

ဧပြီလနှင့် မေလတွင် ဝမ်းပျက်ဝမ်းလျှောခြင်းများတစ်ရွာလုံး အနေဖြင့် အဖြစ်များပါသည်။ ထိုသို့ ဖြစ်ရခြင်းမှာ သန့်ရှင်းမှု နည်းပါးခြင်း၊ အိမ်သာများမှာ ယင်လုံအိမ်သာများ ဖြစ်သော်လည်း ညစ်ပတ်မှုတို့ကြောင့်နှင့် အိမ်သာကိုသေချာစွာ ဆောက်လုပ်မှုမရှိခြင်း တို့ကြောင့်ဖြစ် သည်။ ဖွန်လ နှင့် ဖွန်လိုင်လ တို့တွင် သွေးလွန်တုတ်ကွေး တစ်ရွာလုံးအတိုင်းအတာ နှင့် အဖြစ်များပါသည်။ အောက်တိုဘာလ နှင့် ဒီဇင်ဘာလတို့တွင် နာစေး ၊ချောင်းဆိုး ၊တုတ်ကွေးများ ထပ်မံအဖြစ်များပါသည်။ ဖျားနာသောအခါ ကျေးရွာအတွင်း ဆေးမီးတိုဖြင့် ကုသကြသလို ကယန်းသာယာ (တောင်)ရှိကျေးရွာဆေးခန်းအတွင်းသို့ သွားရောက်ပြသကြပါသည်။

**ပွဲလမ်းသဘင်**

ဧပြီတွင် ပအိုဝ့်ရိုးရာကျောင်းတက်ပွဲကို ကျင်းပပြုလုပ်ကြပါသည်။ ပအို့တစ်ရွာလုံး လူငယ်များ လူကြီးပါမကျန် ကိုယ်ရွာလာကြသော တစ်ခြားကျေးရွာများမှ ဧည့်သည်အားလုံးကို ထမင်းကျွေး ဧည့်ခံကြပါသည်။ အောက်တိုဘာလတွင် သီတင်းကျွတ်ပွဲ နှင့် နိုဝင်ဘာလတွင် ကထိန်းပွဲ နှင့် သံချိုင်းပွဲ ကို ကျင်းပကြပါသည်။ သံချိုင်းပွဲမှာ ကက်သလစ်ဘာသာဝင်များ၏ သေလွန်သွားသော ဝိညာဉ်များ အတွက်ဆုတောင်းပေးသော ပွဲဖြစ်ပါသည်။ ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲ နှင့်မတ်လတွင် ပအိုဝ့်အမျိုးသား ပွဲတော်ကို ကျေးရွာအတွင်း လူမျိုးဘာသာ မခွဲခြားဘဲ အတူတကွ ဆောင်ရွက်ကြပါသည်။ တစ်ခြားသော လူမျိုးပွဲတော်များကိုလည်း လေးစားတန်ဖိုးထားကြပါသည်။

**သောက်သုံးရေရရှိမှု**

ဧပြီလမှ အောက်တိုဘာထိ သောက်သုံးရေလုံလောက်မှုရရှိကြပြီး နိုဝင်ဘာလမှ ဇန်နဝါရီလအထိ သောက်သုံးရေမလုံလောက်ပါ။ အရင်နှစ်များတွင် သောက်သုံးရေမှာ အလွန်ရှားပါး ခက်ခဲသော်လည်း ယခုအခါ အဝီစီတွင်း (၁)တွင်း ရရှိသောကြောင့် ရေရှားပါးမှု သက်သာလာပါသည်။ ကျေးရွာ အနေနှင့် လည်း ရေရှားပါးသော အခက်အခဲကို ကြုံတွေ့နေရဆဲဖြစ်ပါသည်။

**လုပ်ငန်းအားလပ်ချိန်**

တစ်နှစ်လုံးစိုက်ပျိုးရာသီများဖြစ်သောကြောင့် အားလပ်ချိန်ရှားပါးပါသည်။ သို့သော် ဇန်နဝါရီလမှ မတ်လအတွင်း အားလပ်ချိန် အပြည့်အဝမဟုတ်သော်လည်း ထိုလများတွင် အားလပ်ချိန် ပိုမိုများပါသည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ဘောလုံးကွင်း | အပ်ချုပ်စက် | စာသင်ကျောင်း |
| ကိုင်းရှည်စက် | လက်ယက်ကန်း | ရေတွင်း/ရေကန် |
| ကား | ရွှေ | ဘုရားကျောင်း |
| မြက်ရိတ်စက် | | တီဗီ/ဖုန်း |
| ခြင်းလုံးကွင်း | | မူကြိုကျောင်း |
| ခြိမ်းဖော် | | သစ်တော |
| ဆန်စက် | | တောင်ယာ၊လယ်ယာ |
| ထော်လဂျီ | | ကွန်ပြူတာ |
| | | ဖုန်း ၊တီဗီ |
| | | ဆိုင်ကယ်၊စက်ဘီး |

ပါဝင်ဆွေးနွေးသူ -

ကျား - ၂၈ဦး

မ - ၅၂ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ဘောလုံးကွင်း | အပ်ချုပ်စက် | စာသင်ကျောင်း |
| ကိုင်းရှည်စက် | လက်ယက်ကန်း | ရေတွင်း/ရေကန် |
| ခြင်းလုံးကွင်း | ရွှေ | ဘုရားကျောင်း |
| ခြိမ်းဖော် | | တီဗီ/ဖုန်း |
| ဆန်စက် | | မူကြိုကျောင်း |
| ထော်လာဂျီ | | သစ်တော |
| | | တောင်ယာ၊လယ်ယာ |
| | | ဖုန်း ၊တီဗီ |
| | | ဆိုင်ကယ်၊စက်ဘီး |

ပါဝင်ဆွေးနွေးသူ -

ကျား - ၂၈ဦး

မ - ၅၂ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယားသုံးသပ်ချက်

အောင်သပြေကုန်းကျေးရွာ၏ အမျိုးသား နှင့် အမျိုးသမီးတို့၏-


**(၁) အရင်းအမြစ်သုံးစွဲမှု**

**(၂) အရင်းအမြစ် ထိန်းချုပ်မှု တို့ကို ဆန်းစစ်ကြည့်ရာတွင်**

အရင်းအမြစ်သုံးစွဲမှုတွင် အမျိုးသမီးများ အနေဖြင့် အပ်ချုပ်စက်၊ လက်ယက်ကန်းနှင့် ရွှေ တို့ဖြစ်သည်။ အမျိုးသားများ သုံးစွဲမှုတွင် ဘောလုံးကွင်း၊ ကိုင်းရှည်၊ ထော်လဂျီ၊ ခြိမ်းဇော်၊ ဆန်စက်၊ မြက်ရိတ်စက်၊ ကားနှင့် ခြင်းလုံးကွင်းများဖြစ်သည်။ အမျိုးသားများနှင့် အမျိုးသမီး အသုံးပြုခြင်း ကွာခြားရခြင်းမှာ အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှုနှင့် အမျိုးသမီးနှင့်ဆက်စပ်သော ပစ္စည်းများ ကိုသာအသုံးပြုရခြင်း၊ အစဉ်အဆက်ထိုသို့သုံးစွဲလာခြင်းကြောင့်ဖြစ်သည်။ သို့သော်လည်း ထိုသို့ထဲတွင် အမျိုးသမီးများ ကိုင်းရှည်မောင်းနှင်းအသုံးပြုသူများလည်းရှိပါသည်။ သို့သော် စက်ပစ္စည်းများနှင့် ပက်သက်လျှင်အမျိုးသားများနှင့်သာ သက်ဆိုင်သည်ဟု သတ်မှတ်ထား ဆဲဖြစ်သည်။ စာသင်ကျောင်း၊ ရေတွင်း၊ ရေကန်၊ တောင်ယာ၊ မူကြိုကျောင်း၊ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း၊ ဆိုင်ကယ်၊ သစ်တော၊ ကွန်ပြူတာ၊ တီဗီ၊ ဖုန်းများကို အတူတကွ သုံးစွဲကြသည်။

အရင်းအမြစ်ထိန်းချုပ်မှုတွင် အမျိုးသမီးများ အနေဖြင့် အပ်ချုပ်စက် ၊ လက်ယက်ကန်း နှင့် ရွှေ တို့ဖြစ် သည်။ အမျိုးသားများ ထိန်းချုပ်မှုတွင် ဘောလုံးကွင်း ၊ ကိုင်းရှည် ၊ထော်လဂျီ၊ ခြိမ်းဇော် ၊ဆန်စက်၊ နှင့် ခြင်းလုံးကွင်းများဖြစ်သည်။ စာသင်ကျောင်း၊ ရေတွင်း ၊ရေကန် ၊တောင်ယာ ၊မူကြိုကျောင်း ၊ဘုရားကျောင်း ၊ ဘုန်းကြီးကျောင်း ၊ဆိုင်ကယ်၊သစ်တော ၊ကွန်ပြူတာ ၊တီဗီ ၊ဖုန်း၊မြက်ရိတ်စက် နှင့် ကားတို့ကို အတူတကွ ထိန်းချုပ်ကြသည်။အမျိုးသားများနှင့် အမျိုးသမီး ထိန်းချုပ်မှု ကွာခြားမှု သိပ်မရှိပေ။ အဘယ်ကြောင့်ဆိုသော် ယခုအခါ အမြင်ကျယ်လာပြီး အမျိုးသား နှင့် အမျိုးသမီး အတူတကွ လုပ်ငန်းများ လုပ်ဆောင်ကြသည်။ အမျိုးသမီးများလည်း ဦးဆောင်ပြီး လုပ်ငန်းပိုမို လုပ်ကြသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ အမျိုးသမီး ခွင့်ပြုချက်ရှိမှသာ လုပ်ငန်းလုပ်ဆောင်ခြင်း၊ ရောင်းချခြင်း နှင့် ဝယ်ယူခြင်းများ ပြုကြရသည်။ အမျိုးသမီးများ အိမ်တွင်းသက်ဆိုင်သော အရာအားလုံး ထိန်းချုပ်သော မိသားစုများလည်းရှိသည် ။ အောင်သပြေကုန်းကျေးရွာ အနေဖြင့် အမျိုးသား၊အမျိုးသမီး ခွဲခြားမှု နည်းပါးပြီး တန်းတူ အခွင့်အရေးရှိကြသည်။

ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




ပါဝင်ဆွေးနွေးသူ -
ကျား - ၂၈
မ - ၅၂

မှတ်တမ်းတင်သူ
အမည်- ဒေါ်ခင်မြိုင်ဝင်း
ရာထူး -လူထုစည်းရုံးရေးမှူး

# ပင့်ကူအိမ် သုံးသပ်ချက်

### ဆုံးဖြတ်ပိုင်ခွင့်

အမျိုးသားများ နှင့် အမျိုးသမီး ဆုံးဖြတ်ပိုင်ခွင့်တွင် ကွာခြားမှုသိပ်မရှိပေ။ အနည်းငယ်သော အမျိုးသားများက ဦးထောင်ဦးစီးဖြစ်သောကြောင့် ကိစ္စတိုင်း ပို၍ ဆုံးဖြတ်ကြသည်။ အမျိုးသမီးကသာ အစစရာရာ ဆုံးဖြတ်ကြသည့် မိသားစုများလည်းရှိပါသည်။ လုပ်ငန်းများ ၊ဘာသာရေးများ ၊အိမ်မှုကိစ္စ၊ ရပ်ရွာကိစ္စများ တွင် အမျိုးသားဘဲ ဆုံးဖြတ်ကြသာမဟုတ်ဘဲ အမျိုးသမီးများကို နေရာပေး ဆွေးနွေး ဆုံးဖြတ်ခွင့် ပေးကြပါသည်။

### လုပ်အားခတန်းတူရရှိမှု

အလုပ်ပေါ်မူတည်၍ လုပ်အားခရရှိမှုကွာခြားကြပါသည်။ တူညီသောအလုပ်မျိုးအတူတူ လုပ်ကိုင်သောအလုပ်မျိုးနည်းပါးပါသည်။ အကယ်၍လုပ်အား၊ အလုပ်ပုံစံတူညီပါက ထို့သို့အချိန် မျိုးတွင် အလုပ်မျိုးတွင် လုပ်အားခတန်းတူ ရရှိကြပါသည်။

### ဦးဆောင်ခွင့်

ရပ်ရွာကျေးရွာအနေဖြင့် အမျိုးသားများပိုမို ဦးဆောင်ကြပါသည်။ အမျိုးသမီးများ ဦးဆောင်ခွင့် နည်းနေရခြင်း အကြောင်းမှာ အမျိုးသားများ သြဇာလွှမ်းခြင်း ၊ မိန်းမကို အိမ်ထောင်ဦးစီးဟု မသတ် မှတ်ခြင်း ၊ ရှေးအယူအဆ ကျန်ရှိနေသေးခြင်း တို့အပြင် အမျိုးသမီးများ အနေဖြင့်လည်း သတ္တိနည်းပါး ခြင်း ၊ခလေ့ထုံးတမ်း မပပျောက်နိုင်ခြင်း၊ အတွေးအခေါ် အမြော်အမြင် နည်းပါးခြင်း ၊ အမျိုးသားများကဲ့ သို့ လွတ်လပ်မှုနည်းခြင်း ၊ မိသားစု အရေးကိုသာ အာရုံစူးစိုက်နိုင်ခြင်းတို့ကြောင့် ဦးဆောင်မှုနည်းပါး ခြင်းဖြစ်သည်။တစ်ချို့သောအမျိုးသမီးများမှာ အမျိုးသားများထက် စွမ်းဆောင်ရည် ပိုမိုမြင့်မားကြသည်။ ရပ်ရွာတစ်ချို့သော ကိစ္စရပ်များတွင် အနည်းငယ်ဦးဆောင်ဆောင်ရွက်ကြသည်။

### အလုပ်အကိုင်အခွင့်အလမ်း

ယခင်က အမျိုးသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုများပြားသော်လည်း ယခုအခါ အမျိုးသမီးများမှာလည်း ပညာပိုတတ်လာခြင်း၊ အမျိုးသမီးများ အမျိုးသားကဲ့သို့ အလုပ်ကို လုပ်ဆောင် လာနိုင်ခြင်း နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းများပြားလာခြင်းတို့ကြောင့် အမျိုးသမီးများနှင့် အမျိုးသား အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းတွင် ကွားခြားမှုနည်းပါးရခြင်းဖြစ်သည်။

### အိမ်တွင်းမှု

အမျိုးသမီးများသာ အိမ်မှုကိစ္စလုပ်ဆောင်နေကြတော့သည်မဟုတ်ဘဲ အမျိုးသားများ လည်း အမျိုးသမီးများနည်းတူ လုပ်ကိုင်လာကြပါသည်။ အမျိုးသမီးများမှာလည်း အိမ်ရှင်မတာဝန်နှင့် အပြင် အလုပ်ကိုပါလုပ်ကိုင်နေရသောကြောင့် တာဝန်ဖိအားများပါသည်။ ယခင်ထက်ဆိုင်လျှင် အမျိုးသားများအိမ်မှုကိစ္စများ ပိုမိုလုပ်ကိုင်ကူကြပါသည်။ အမျိုးသားများသာ ထမင်းဟင်းချက်တာဝန် ယူသောအိမ်လည်း တစ်အိမ် နှစ်အိမ်ခန့်ရှိပါသည်။

## ပူးပေါင်းပါဝင်ခွင့်

အမျိုးသားများ အနေဖြင့် အမျိုးသမီးများကို မည်သည့်ကိစ္စ ၊ အစည်းအဝေး ကိစ္စရပ်တိုင်းမဆို ဖယ်ချန်ထားသည်မရှိဘဲ ပူးပေါင်းပါဝင်ခွင့် ကို ပေးပါသည်။ သို့သော်အမျိုးသမီးများ အချို့မှာ ရပ်ရွာကိစ္စ များ၊ အစည်းအဝေးများတွင် စိတ်ဝင်စားမှုမရှိဘဲ ပူးပေါင်းပါဝင်မှုအားနည်းပါသည်။


## ပညာသင်ကြားခွင့်

ကျေးရွာအနေဖြင့် အမျိုးသာများသာ ပညာတတ်သင့်သည်ဟု အမျိုးသမီးများကို ပညာသင်ကြား ခွင့်ပိတ်ပင်ထားသည်မျိုးမဟုတ်ဘဲ တန်းတူပညာကို သင်ကြားခွင့်ပေးကြပါသည်။ သို့သော် အမျိုးသား များအနေဖြင့် စာသင်ကြားမှုမရှိဘဲ အလုပ်ကိုသာစိတ်ဝင်စားကြသည်။ ထို့ကြောင့်အမျိုးသမီး ကျောင်း နေသူများ ပိုမိုရှိသည်။ များသည်။

## အမွေရပိုင်ခွင့်

အမွေကို ရှေ့စွဲများ ယခင်ကလို အမျိုးသားများသာရရှိသော အကျင့်များ နည်းပါးလာပြီဖြစ်သည်။ ယခုအခါ အများအားဖြင့် တန်းတူအမွေကို ခွဲဝေပေးကြသည်။

အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ -

ကျား - ၂၈

မ - ၅၂

မှတ်တမ်းတင်သူ

အမည်- ဒေါ်ခင်မြိုင်ဝင်း

ရာထူး -လူထုစည်းရုံးရေးမှူး

# ကျေးရွာချိတ်ဆက်မှု သုံးသပ်ချက်

**ကျေးရွာအုပ်ချုပ်ရေးမှူး**

အုပ်ချုပ်ရေးမှူး နှင့် ကော်မတီအဖွဲ့ဝင်များက ကျေးရွာသူ သားများအား အဓိက လိုအပ်ချက်များ ကို လုပ်ဆောင်ပေးခြင်း၊ ရပ်ရွာပြဿနာများကို ဖြေရှင်းနိုင်သမျှ ကြိုးစားဖြေရှင်းပေးသည်။ အများနှင့် သက်ဆိုင်သော ကျေးရွာအတွင်းဆောင်ရွက်မှုများ အားလုံးကိုကျေးရွာကော်မတီအဖွဲ့၏ ခွင့်ပြုချက်ကိုရယူရပါသည်။ ကော်မတီအဖွဲ့ဝင်များကို ပအိုဝ့်ပိုင်း (၄)ဦးက ပါဝင်ပြီး ကယန်းပိုင်းမှ (၄)ဦးဖြစ်ဖွဲ့စည်း ထားပါသည်။

**ပအိုဝ့်**

(၁) ဦးသန်းအောင် (၂) ဦးကံထူး (၃) ဦးသောန (၄) ဦးကျော်စိန်

**ကယန်း**

(၁) ဦးဒါနီ (၂) ဦးလှမင်း (၃) ဦးသန်းမြ (၄) ဦးမောင်ကီး

**မီးကော်မတီအဖွဲ့**

ရွာအတွင်း မီးရရှိဖို့ရန် ရုံးတို့တိုင်ပင်ဆွေးနွေးရာတွင် သွားပေးခြင်း ၊ မီးသီး ၊ မီးကြိုး နှင့် မီတာ ဘောက်များ သွားရောက်ဝယ်ယူရာတွင် ကူညီပေးခြင်း ၊ဝယ်ပေးခြင်းများပြုလုပ်ပေးပါသည်။ မီးတစ်စုံ တစ်ခုဖြစ်ပါကလည်း သက်ဆိုင်ရာမီးလင်းဌာနသို့ ဆက်သွယ်ပေးခြင်းတို့ကို လုပ်ဆောင်ပေးကြ ပါသည်။

**လူငယ်အဖွဲ့**

ဘုရားပွဲ ၊ သာရေး ၊နာရေး ကိစ္စများတွင် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ပြီး ကူညီပေးခြင်း နှင့် အလှူခံခြင်း ၊ အားကစားကိစ္စများ နှင့်သင်တန်းများသွားရောက်တက်ရာတွင်လည်း လူငယ်များသာ ဦးဆောင် ဆောင်ရွက်ပေးပါသည်။

**ကြက်ခြေနီ**

ကျန်းမာရေးသင်တန်းများပေးခြင်း ၊ ခြင်ထောင် ၊အစီစီ ၊ရေသန့်စက် ၊စံပြ အိမ်သာများ နှင့် ရှေးဦး သူနာပြုပြုစုနည်းများ လိုအပ်သောအခါ လိုအပ်သောဆေးဝါး နှင့် ဓာတ်ဆားများပေးခြင်းတို့ကိုပြုလုပ်ပေး ပါသည်။ ထို့နောက် မတည်ငွေများ ပံ့ပိုးပေးခြင်း နှင့် ရာသီအလိုက် ကျန်းမာရေး အသိပညာပေးများကို အိမ်တိုင်းဆောင်ရွက်ပေးပါသည်။

Save the Children

ကျန်းမာရေးသင်တန်းပေးခြင်း ၊ ဌက်ဖျားသွေးဖေါက်စစ်ပေးခြင်း ၊ ခြင်ထောင် ၊ အိမ်သာခွက် ၊ပိုက်၊ ရေပုံး ၊ရေခွက် ၊ဆပ်ပြာ နှင့် ဘရက်(စ်)များကို ဝေဌာပေးပါသည်။ ကျေးရွာအတွင်း ဌက်ဖျားဆေးများ ထားရှိပေးပါသည်။ ထို့နောက် ကိုယ်ဝန်ဆောင်မိခင်နှင့် (၅)နှစ်အောက်ကလေးများ အရေးပေါ်ဆေးရုံ သွားစရိတ်များကို ထောက်ပံပေးခြင်း နှင့် တစ်လတစ်ကြိမ် အသိပညာပေး ဟော်ပြောပွဲများ ပြုလုပ်ပေးပါ သည်။

**လူထုဗဟိုပြုစီမံကိန်း (CDD)**

ထိုစီမံကိန်းများအနေဖြင့် ကျေးရွာအတွင်းလိုအပ်သော အခြေခံအဆောက်အအုံ များကို ဆောက်လုပ်ပေးပြီး ကျေးရွာလူထု အသိပညာ အရည်အသွေး တိုးတက်လာဖို့ ရန်အတွက် သင်တန်းများ ပေးပြီး ကျေးရွာလူထုပူးပေါင်းပါဝင်မှုအားဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ကြပါသည်။

## ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**

ဦးမောင်နေထိုင်း

ဒေါ်ဆီးကာ

**စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ**

ဦးလွတ်အောင်

ဒေါ်အေးလှ

**လည်ပတ်ထိန်းသိမ်းရေး ကော်မတီ**

ဦးလားဇရု

ဒေါ်အေးစိန်

**ဝယ်ယူရေး ကော်မတီ**

ဦးပန်းငွေ

ဒေါ်ကြာမှီ

**ကျေးရွာစေတနာ့ဝန်ထမ်း**

မောင်ယိုသာထူး

ခင်ပြုံးကြည်

**ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့**

ဦးသန်းအောင်

ဒေါ်ပေါလှတီး

**စာရင်းကိုင်**

ဦးစောအယ်ထူး

ဒေါ်တင်ဖြူ

ပါဝင်ဆွေးနွေးသူ -

ကျား - ၂၈


မ- ၅၂

မှတ်တမ်းတင်သူ

အမည်- ဒေါ်ခင်မြိုင်ဝင်း

ရာထူး-လူထုစည်းရုံးရေးမှူး

ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




ပါဝင်ဆွေးနွေးသူ -
ကျား -၂၈ဦး
မ- ၅၂ဦး

မှတ်တမ်းတင်သူ
အမည်- ဒေါ်ခင်မြိုင်ဝင်း
ရာထူး-လူထုစည်းရုံးရေးမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| | | |

| | | | |
|---|---|---|---|
| ပြည်နယ်၊~~တိုင်းဒေသကြီး~~ ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု ဒွါးလဒိုး | ကျေးရွာ ဒေါ်ဘင်သာပြကုန်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၉၁ | ဘာသာ (၁) ခရစ်ယာန် | ၉၁ |
| လူမျိုးစု (၂) ပအိုဝ်း | ၄၆ | ဘာသာ (၂) ဗုဒ္ဓ | ၄၆ |
| လူမျိုးစု (၃) ကယား | ၁ | ဘာသာ (၃) ခရစ်ယာန် | ၁ |
| လူမျိုးစု(၄) ရှမ်း | ၁ | ဘာသာ(၄) ဗုဒ္ဓ | ၁ |
| လူမျိုးစုရော -------------- | | ဘာသာရော ------------ | |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | ၁၃ |
| မသန်စွမ်းသူများ | ပအိုဝ်း(၉), ကယန်း (၁၃) = ၂၂ | | ၂၂ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ပအိုဝ်း(၈)ယောက်၊ ကယန်း (၁၂) ယောက် (၂၀) | | ၂၀ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၃၈၂ | ၃၈၁ |
| လူမျိုးစု (၁) ကယန်း | ၂၅၇ | ၂၅၅ |
| လူမျိုးစု (၂) ပအိုဝ်း | ၁၁၈ | ၁၁၉ |
| လူမျိုးစု (၃) ကယား | ၅ | ၅ |
| လူမျိုးစု(၄) ရှမ်း | ၂ | ၂ |
| | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၁၆ | ၂၃ |

ပ = ၇၆၃

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *ာ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း (circled) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား _____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည် (circled)/မရှိပါ/မသိပါ [illegible] (2016-2017)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ (circled)

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည် (circled)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ (၁၀.၆၈) မိုင်

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန်---၂၀ မိနစ်---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်-----------၂၀ မိနစ်--------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---ကြက်ခြေနီ------------------

(၂) --------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် ဦးဇော်ဒိုင် နေ့စွဲ 22.10.2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်မြင့်ဝင်း

လက်မှတ် [illegible] နေ့စွဲ 22.10.2017

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| |
|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြ ဖြည့်သွင်းရမည်။ |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်သင်းမြိုင်ဝင်း |
| နေ့စွဲ 22. 10. 2017 \| စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း ကယား \| မြို့နယ် လွိုင်ကော် \| ကျေးရွာအုပ်စု နွားလဘိုး \| ကျေးရွာ ဒေါ်သဘောင်ပြကူနိ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 22.10.17 | 22.10.17 | 28 | 52 | 80 | ပအိုဝ့်(31) ကယန်း (48), ကယား(1) |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 22.10.17 | 22.10.17 | 28 | 52 | 80 | ပအိုဝ့် (31) \| ကယန်း (48) \| ကယား (1) |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 10.11.17 | 10.11.17 | 43 | 33 | 76 | ကယား(28) ပအိုဝ့်(25) ကရင် (6) ကယန်း(12) ရှမ်း (3) ဗမာ (2) |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 21.1.18 | 21.1.18 | ၂၈ | ၆၀ | ၈၈ | ကယန်း (41) \| ပအိုဝ့် (47) |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 21.1.18 | 21.1.18 | 7 | 4 | 11 | ပအိုဝ့် (4) ကယန်း (7) |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး ရေးအစီအစဉ် ရေးဆွဲခြင်း | 22.1.18 | 22.1.18 | 20 | ၆၄ | ၈၄ | ကယန်း (40) \| ပအိုဝ့် (44) |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၇.၁.၂၀၁၈ | 24.1.2018 | 7 | 4 | 11 | ပအိုဝ်း(4) | ကယန်း (7) |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 21.1.18 | 21.. | 7 | 4 | 11 | ပအိုဝ်း(4) | ကယန်း (7) |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 21.1.18 | | 7 | 4 | 11 | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| **လမ်းညွှန်ချက်၊** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု မကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်၊ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ် ခင်မြိုင်ဝင်း |
| နေ့စွဲ 22. 10. 2017 — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား — မြို့နယ် လွိုင်ကော် — ကျေးရွာအုပ်စု နွားလယ်ပိုင် — ကျေးရွာ အောင်သာပြေကုန်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးရာသီတွင် သွားလာရခက်ခဲ ၊ နွေတွင် မြက်တူပြီး မီးဘေး [illegible] ဖြစ်ရ ။ | ၁ | အမျိုးသမီးများ အလုပ်အကိုင် ကောင်းစွာမလုပ်ရ အိမ်မှု ကိစ္စဖြင့် အချိန်ကုန်။ |
| ၂ | အမျိုးသမီးများ ကလေးနှင့် အလုပ်ကြောင့် [illegible] ။ အိမ်မှုကိစ္စဖြင့် အချိန်ကုန်။ | ၂ | ကျန်းမာရေး ဆိုင်ရာ အသိပညာနည်းပါး ၊ ဆေးရုံ ဆေးခန်း ဝေးသောကြောင့် အခက်အခဲများ။ |
| ၃ | ပိုမြန်ဝင်ငွေ နည်းပါးခြင်း နှင့် ရာသီပေါ် အသီးအနှံ ဈေးမကောင်း ။ | ၃ | တစ်ခြားကျေးရွာတွင် ကျောင်း တက်ရသောကြောင့် လမ်းသွားလာရာတွင် အခက်အခဲများ ၊ ကုန်ကျစရိတ်များ |
| ၄ | မီး [illegible] ကြောက်စရာ ကျောင်းသား/သူ တစ်ယောက် ခက်ခဲ ၊ သွားလာရေးတွင် အခက်အခဲများ။ | ၄ | အသည်းအသန် ဖြစ်လျှင် ဆေးရုံ မရောက်မီ သေဆုံးရသော ကြောင့် [illegible] ခက်ခဲ ။ |
| ၅ | အလုပ်အကိုင်မရှိ ၊ လုပ်ငန်းမရှာတတ်။ | ၅ | ရေသွယ်တန်းရန် ကျန်းမာရေး ၊ သန့်ရှင်းရေး |
| ၆ | သားရေးကိစ္စ ၊ ရပ်ရွာကိစ္စ ပြေလည်စွာ ဖြေရှင်းရန်ရှိ။ | ၆ | တွင် ဆိုးကျိုး ရှိလာ။ |
| ၇ | ရေလှောင်ကန်ဘောင်ကြောင့် ပိုက်ဆံကုန် ၊ သွား | ၇ | ကျောင်းအတွင်း ကျူ ၊ စားသောက်စီး ၊ နည်းမိုက် |
| ၈ | ခရီးတွင် ဝေးလံပင်ပန်း ။ | | ကျူးကျော်ခြင်းကို ခံရ ။ |
| ၉ | | | |
| ၁၀ | | | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျေးရွာအတွင်း လမ်းကောင်း မွန်လာစေရန်။ | ၁ | မူကြို ကျောင်းဖွင့်လှစ်နိုင်ရန်။ |
| ၂ | မူကြို ကျောင်းဖွင့်လှစ်နိုင်ရန်။ | ၂ | ကျေးလက်ဆေးခန်း နှင့် ဆေးဝါးစုံလင်စွာရှိဖို့ရန်။ |
| ၃ | ငွေအရင်းအနှီး ၊ ချေးငွေ ရရှိဖို့ရန်။ | ၃ | စာသင်ကျောင်း ဆောက်လုပ်နိုင်ရန် နှင့် ရရှိဖို့ရန်။ |
| ၄ | တစ်ရွာလုံး မီးလင်းစေဖို့ရန်။ | ၄ | ကျေးရွာခန်းမဆောင် ဆောက်လုပ်နိုင်ဖို့ရန်။ |
| ၅ | အလုပ်အကိုင် ၊ အခွင့်အလမ်း ရရှိဖို့ရန်။ | ၅ | အဝီစိတွင်း တူးဖော်နိုင်ဖို့ နှင့် ရရှိဖို့ရန်။ |
| ၆ | ကျေးရွာခန်းမဆောင် ဆောက်လုပ်နိုင်ဖို့ရန်။ | ၆ | ကျောင်းခြံပတ်လည်ခြံစည်းရိုး ကာနိုင်ဖို့ ရန်။ (အုတ်) |
| ၇။ | အဝီစိတွင်း တူးဖော်နိုင်ရန်။ | ၇ | |
| | | ၈ | |
| | | ၉ | |
| | | ၁၀ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မူကြိုကျောင်းအသစ်နှင့်လမ်း တံတားပြုပြင်ခြင်း။ | က+မ | | |
| ၂။ | စာသင်ကျောင်းအုတ်တံတိုင်း ဆောက်လုပ်ခြင်း။ | က+မ+ | | |
| ၃။ | အဝီစိတူးခြင်း။ | က+မ | | |
| | | | | |
| | | | | |
| | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ငွေအရင်းအနှီး ချေးငွေရရှိနိုင်ရန်။ | က | |
| ၂ | ကျေးလက်ဆေးပေးခန်း နှင့် ဆေးဝါး | မ | |
| ၃ | ရုံလင်းမှု ရရှိဖို့ရန် | | |
| ၄ | အလုပ်အကိုင်အခွင့်အလမ်း | က | |
| ၅ | ရရှိဖို့ရန် | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်ဆီးကာ လက်မှတ် [signature] နေ့စွဲ 22.10.2017

## လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း ပထမအကြိမ် ဒုတိယအကြိမ်အစည်းအဝေး

ကျေးရွာ - အောင်သပြေကုန်း

နေ့ရက် - ၂၂.၁၀.၂၀၁၇( တနင်္ဂနွေနေ့)

နေရာ - အောင်သပြေဗုဒ္ဓဘုန်းကြီးကျောင်း

အစည်းအဝေးအစီအစဉ်

(၁)--အဖွင့်အမှာအစကားကို ကျေးရွာအုပ်ချုပ်ရေးမှူးဦးစောဒါနီမှ ပြောကြားခြင်း။

(၂)--လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်အင်ဂျင်နီယာမှူးမှ မိမိကိုယ်ကို မိတ်ဆက်ပေးခြင်း။

(၃)--စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်းစက်ဝန်းအကြောင်းရှင်းလင်း ခြင်း။

(၄)--လူမှုဆန်းစစ်ခြင်းများ ပြန်လည်သုံးသပ်ခြင်း နှင့် ဆွေးနွေးခြင်း။

(၅)--ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ကို (ဒုတိယနှစ်စက်ဝန်း)အတွက် ပြန်လည်အတည်ပြုဖွဲ့စည်းခြင်း။

(၆)--ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း။

(၇)--လက်ထောက်အင်ဂျင်နီယာမှူးမှ အကာအကွယ်များ၊ အကျုံးဝင်၊မဝင်
လုပ်ငန်းများရှင်းလင်းတင်ပြခြင်း။

(၈)--ကျေးဇူးတင်စကားပြောကြားခြင်းနှင့် အစည်းအဝေးပိတ်သိမ်းခြင်း။

**အစည်းအဝေးတက်ရောက်သူဦးရေ**

**အမျိုးသား = ၂၈ယောက်**

**အမျိုးသမီး = ၅၂ ယောက်**

**စုစုပေါင်း = ၈၀ယောက်**

**ပအိုဝ့် = ၃၁ ယောက်**

**ကယန်း = ၄၈ယောက်**

**ကယား = ၁ယောက်**

**အစီအစဉ်(၁)** ကို နေ့လည် (၃း၀၀)နာရီတွင်စတင်ကျင်းပပါသည်။ အဖွင့်အမှာစကားကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောဒါးနီမှ အဖွင့်အမှာစကားပြောကြားပေးပါသည်။ လူထုစည်းရုံးရေးမှူးနှင့်လက်ထောက်အင်ဂျင်နီယာမှူးမှ မိမိကိုယ်ကို မိတ်ဆက်ပေးခြင်း။ ထို့နောက်တက်ရောက်လာသောကျေးရွာများစုပေါင်းမှတ်တမ်း ဓာတ်ပုံကို ရိုက်ကူးခဲ့ကြပါသည်။

**အစီအစဉ် (၂)** ကို လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြိုင်ဝင်းမှ စီမံကိန်းမိတ်ဆက်(၁၅)ချက်ကို ဦးဆောင်ပြီး ရှင်းလင်းပေးခဲ့ပါသည်။ လူထုမှနားမလည်တာများကို မေးမြန်းပြီး ပြန်လည်ဖြေကြားခဲ့ပါသည်။

**အစီအစဉ် (၃)** လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြိုင်ဝင်းမှ စီမံကိန်းစက်ဝန်း အကြောင်းကို ရှင်းလင်းပြောကြားပေးခြင်း နှင့် လူထုမှနားမလည်တာများကို မေးမြန်းပြီး ပြန်လည်ဖြေကြားခဲ့ပါ သည်။

**အစီအစဉ် (၄)** လူမှုဆန်းစစ်ခြင်းကို ဒေါ်စတယ်ဖီဟဲစေးထူး နှင့် ဒေါ်ခင်မြိုင်ဝင်းတို့ မှဦးဆောင်၍

**၁။ လူမှုဆန်းစစ်ခြင်းပြမြေပုံကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။**

## ပြန်လည်သုံးသပ်ချက်

အောင်သပြေကုန်းကျေးရွာ၏ အိမ်ခြေမှာအိမ်ခြေ(၁၃၇)အိမ်ရှိပါသည်။ ယခင်နှစ်ထက်(၁)အိမ်လျော့နည်းသွားပြီး ။အောင်သပြေကုန်းကျေးရွာ တွင် အမျိုးသား (၃၈၂)နှင့် အမျိုးသမီး (၃၈၁)ဦးစုစုပေါင်း (၇၆၃)ဦး နေထိုင် ပါ သည်။ပအိုဝ့် မသန်စွမ်း (၉)ဦး နေထိုင်ကြပါသည်။ ကယန်း မသန်းစွမ်းသူ(၁၃)ဦးနေထိုင်ပါသည်။ လူမျိုးစု(၄)မျိုးစုပေါင်းနေထိုင်ကြပြီး ကယန်းလူမျိုးမှာ အများဆုံးနေထိုင်ပြီး ပအိုဝ့်လူမျိုးမှာ ဒုတိယအများဆုံးနေထိုင်ပြီး ကယားနှင့် ရှမ်းအနည်းငယ်နေထိုင်ကြပါသည်။ ကယန်းလူမျိုး များမှာခရစ်ယာန်ဘာသာကို ကိုးကွယ် ကြသည်။ပအိုဝ့်၊ ကယားနှင့်ရှမ်းများမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ အသက်မွေးကျောင်းကို တောင်ယာ၊ လယ်ယာ စိုက်ကြ သည်။ လယ်ယာ၊တောင်ယာ နားချိန်တွင် နေ့စားအငှားလိုက်၊ပြောင်းထိမ်း၊ပန်းရံနှင့် လက်သမားအလုပ် ကိုသာ လုပ်ကိုင်ကြသည်။ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် လမ်းများမကောင်းသောကြာင့် သွားလာရခက်ခဲပါသည်။ ဆေးခန်းကို ကယန်းသာယာ (တောင်)တွင်သာ ပြသရပါသည်။ စာသင်ကျောင်းမရှိသေးသည့်အတွက် ကျောင်းကိုနွားလပိုးရွာမတွင်သာ သွားရောက်တက်ရပါသည်။ နွေရာသီတွင် ရေရှားပါးသောကြောင့် ထိရိ နှင့်ကျောက်ကြီးရေလှောင်ကန်တွင် သွားရောက်ခပ်ယူရပါသည်။ယခင်နှစ်နွားများမွေးမြူ သော်လည်းယခုနှစ် နွားမွေးမြူမှုမရှိတော့ပေ။

(၂) ဥစ္စာဓနကြွယ်ဝမှုကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

ယခုနှစ်တွင်အောင်သပြေကုန်းကျေးရွာအနေဖြင့် ချမ်းသာအဆင့်တွင် ကား နှင့် ဆန်စက်များ ပါဝင်လာပြီး အိမ်ခြေအနည်းဖြင့် (၅)အိမ်မှ (၁၀)အိမ် အထိတိုးလာပြီး အလယ်အလတ်တွင် အိမ်ခြေ (၅၀)မှ (၆၀)အထိတိုးလာကာ သတ်မှတ်ချက်မှာ ယခင်နှစ်အတိုင်းဖြစ်သည်။ဆင်းရဲနွမ်းပါးတွင် သတ်မှတ်ချက်တွင် သွပ်မိုးတိုးလာပြီး အိမ်ခြေ (၈၃)အိမ်မှ အိမ်ခြေ (၆၄)အိမ် လျော့နည်းသွားပါသည်။

(၃) အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

အမျိုးသားအနေဖြင့် အရင်းအမြစ်သုံးစွဲမှုတွင် ကား ၊ခြင်းလုံးကွင်းတိုးလာပြီး ကျန်များမှာ ယခင်နှစ် အတိုင်းဖြစ်သည်။အမျိုးသမီး အရင်းအမြစ်သုံးစွဲမှုတွင် လက်ယက်ကန်း နှင့် ရွှေတိုးလာပြီး ကျန်များမှာ ယခင်နှစ်အတိုင်းဖြစ်သည်။ အမျိုးသား နှင့် အမျိုးသမီး အရင်းအမြစ်သုံးစွဲမှုတွင် ကွန်ပြူတာ ၊ ဖုန်းနှင့် တီဗီ တိုးလာကာ ကျန်များမှာ ယခင်နှစ်အတိုင်းဖြစ်ပါသည်။ထိန်းချုပ်မှုတွင် အမျိုးသားအနေဖြင့် ခြင်းလုံးကွင်း အမျိုးသမီးများအနေဖြင့် လက်ယက်ကန်း နှင့်ရွှေ ဖြစ်ပြီး အမျိုးသားနှင့် အမျိုးသမီး ထိန်းချုပ်မှုတွင် မြက်ရိတ်စက် ၊ ဘုန်းကြီးကျောင်း၊ ဆိုင်ကယ်၊ ကားတိုးလာပြီး ထိန်းချုပ်မှုတွင် အမျိုးသားအနေဖြင့် မြက်ရိတ်စက် ၊ ဘုန်းကြီးကျောင်း၊ ဆိုင်ကယ်လျော့နည်းသွားသည်။

(၄) ရာသီခွင်ပြ ပြက္ခဒိန်ကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

ရာသီဥတု၊အားလပ်ချိန်တို့မှာ ယခင်နှစ် အတိုင်းပြောင်းလဲမှုမရှိဘဲ ကျန်းမာရေးတွင် ဖွန်လနှင့် ဖွန်လှိုင်လတွင် သွေးလွန်တုတ်ကွေး ဖြစ်မှုတိုးလာသည်။ ပွဲလမ်းသဘင်တွင် နိုဝင်ဘာလတွင် သင်္ကြန်ပွဲနှင့် ဧပြီလတွင် ကျောင်းတက်ပွဲ၊ မတ်လတွင် ပအိုဝ့်အမျိုးသား ကျောင်းတက်ပွဲ တိုးလာပြီး ဝင်ငွေတွင် ထွက်ငွေတွင် တစ်နှစ်ပတ်လုံး ထွက်ငွေများတိုးလာသည်။စိုက်ပျိုးရေးတွင် ဩဂုတ်တွင် ပေါင်းလိုက်ပြီး အောက်တိုဘာလတွင် ရိတ်သိမ်းကြသည်။ယခင်နှစ်အတိုင်းမဟုတ်မဘဲအနည်းငယ် ပြောင်း လဲသည်။

(၅) ပင့်ကူအိမ်သုံးသပ်ခြင်း ကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

ဆုံးဖြတ်ပိုင်ခွင့်၊ လုပ်အားခတန်းတူရပိုင်ခွင့်၊ ပညာသင်ကြားခွင့်နှင့် အမွေရပိုင်ခွင့်တို့မှာ ယခင်နှစ်အတိုင်းသာ ဖြစ်ပြီး အိမ်တွင်းမှုတွင် အမျိုးသားများ ယခင်နှစ်တွင် အဆင့် (၃)တွင်ရှိသော်လည်း ယခုနှစ်တွင် အဆင့်(၅) တွင်ရှိလာပြီး အမျိုးသမီးများမှာ အဆင့်(၁၀)မှ အဆင့်(၈)ပြန်ကျလာပါသည်။ ပူးပေါင်းပါဝင်ခွင့် တွင်ယခင်နှစ်တွင် အမျိုးသမီး များ အဆင့် (၄)တွင်သာရှိပြီး ယခုနှစ်တွင် အဆင့်(၆) အထိ တက်လာကာ အမျိုးသားနှင့်တန်းတူဖြစ်လာသည်။ အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသမီးများ ယခင် အဆင့်(၆)မှ အဆင့်(၇)တိုးလာသည်။ ဦးဆောင်ခွင့်တွင်လည်း အမျိုးသမီးများ ယခင်အဆင့် (၄)မှ အဆင့် (၉)အထိတိုးလာကာ အမျိုးသားနှင့်တန်းတူအခြေအနေတွင် ပြောင်းလဲလာသည်။

(၆) အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

ကြာက်ခြေနီအဖွဲ့ ထပ်မံတိုးလာပြီး ကျန်များမှာ ယခင်စက်ဝန်းအတိုင်းဖြစ်သည်။

ဒုတိယနှစ်စက်ဝန်းအတွက် ဦးစားပေးအဆင့်သတ်မှတ်ခြင်း

| စဉ် | ဦးစားပေးလုပ်ငန်းအမည် | အဆိုပြုသူ(က+မ) | အဆင့် |
|---|---|---|---|
| ၁ | မူကြိုကျောင်းအသစ်နှင့် လမ်းတံတားပြုပြင်ခြင်း | မ+က | ၁ |
| ၂ | စာသင်ကျောင်း အုတ်တံတိုင်း ဆောက်လုပ်ခြင်း | က+မ | ၂ |
| ၃ | ကျေးရွာအစည်းအဝေးခန်းမဆောင် | က+မ | ၃ |

**(၇)--လက်ထောက်အင်ဂျင်နီယာမှူးမှ အကာအကွယ်များ၊ အကျုံးဝင်၊မဝင် လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း။**လက်ထောက်အင်ဂျင်နီယာမှူး ဒေါ်နော်စတယ်ဖီဟာယ်စေးထူးမှ အကာအကွယ်များ၊ အကျုံးဝင်၊မဝင် လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း။

(၈)--လူထုဗဟိုပြုစီမံကိန်းမှ တက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများအားကျေးဇူးတင်စကားပြောကြားခြင်းနှင့် အောင်သပြေကုန်းကျေးရွာ အတွင်းရေးမှူးမှ ကျေးဇူးတင်စကားနှင့် အပိတ်စကားပြောကြားပေးခဲ့ပါသည်။ ထို့နောက်အစည်းအဝေးပိတ်သိမ်းခဲ့ပါသည်။

## ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်မူရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | မူကြိုကျောင်းအသစ်နှင့် လမ်းတံတားပြုပြင် ခြင်း | မ ( ၂၈ ) ကျား( ၅၂) | | | |
| | ၂ | | မ ( ) ကျား( ) | | | |
| | ၃ | | မ ( ) ကျား( ) | | | |
| | ၄ | | မ ( ) ကျား( ) | | | |
| | ၅ | | မ ( ) ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ ဖွံ့ဖြိုးရေး | ၁ | | မ ( ) ကျား( ) | | | |
| | ၂ | | မ ( ) ကျား( ) | | | |
| | ၃ | | မ ( ) ကျား( ) | | | |
| | ၄ | | မ ( ) ကျား( ) | | | |
| | ၅ | | မ ( ) ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် ပညာရေး | ၁ | | မ ( ) ကျား( ) | | | |
| | ၂ | | မ ( ) ကျား( ) | | | |
| | ၃ | | မ ( ) ကျား( ) | | | |
| | ၄ | | မ ( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အားကစား | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာပေး | ၁ | စာသင်ကျောင်း<br>အုတ်တံတိုင်းဆောက်လုပ် ခြင်း | မ ( ၂၈ )<br>ကျား(၅၂ ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြင်း | ၁ | အဝီစိတူးခြင်း | မ ( ၂၈ )<br>ကျား( ၅၂ ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

## ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ ( ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ ( ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | လူငယ်ရိပ်သာတည်ဆောက် ခြင်း | | | | | |
| ၂။ | ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | | | | √ | |
| ၃။ | မူကြိုကျောင်းအသစ်တည် ဆောက်ခြင်း | | | | √ | |
| ၄။ | စာကြည့်တိုက်အသစ်တည် ဆောက်ခြင်း | | | √ | | |
| ၅။ | ရေနုတ်မြောင်းနှင့်ရေကျော် တံတား | | √ | | | |
| ၆။ | အဝီစိတွင်းတူးခြင်း | | | | √ | |
| ၇။ | ဆေးပေးခန်းအသစ်တည် ဆောက်ခြင်း | | | √ | | |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၅၆

မ - ၁၈

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခင်မြိုင်ဝင်း

ရာထူး -လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



